# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 12, 2024 Volume 81, Number 8


| | |
|---|---|
| ၁၂.၈.၂၀၂၄ | |
| ကမ္ဘာ့ရွှေဈေး | = ၂၄၃၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၃.၇ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၈.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၅၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၁
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## "အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ကမ္ဘောဇဘဏ်မှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲ"ကျင်းပခြင်း



မြန်မာနိုင်ငံမှ အသေးစား၊ အငယ်စားနှင့် အလတ်စားထုတ်ကုန်များအား ပြည်ပပို့ကုန် အလားအလာရှိသော တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် အရည်အသွေးမီ ထုတ်လုပ်နိုင်ရန်နှင့် ထုတ်လုပ်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများအတွက် လိုအပ်သည့် အရင်းအနှီးနှင့် ငွေကြေးထောက်ပံ့မှုများရရှိနိုင်ရေး၊ အွန်လိုင်း ငွေပေးချေမှု စနစ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ဒီဂျစ်တယ်ကုန်သွယ်မှု မြင့်မားတိုးတက်လာစေရေး၊ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးတို့ကိုရည်ရွယ်၍ "အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းရှင်များနှင့် ကမ္ဘောဇဘဏ်မှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲ"ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက် နေ့လယ် ၁၃:၃၀ နာရီ အချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ Hybrid System ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။


ဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးသို့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ နေပြည်တော် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများအပါဝင် In Person ဖြင့် တက်ရောက်သူ ၁၁၆ ဦး၊ Virtual System ဖြင့် ၃၅ ဦး စုစုပေါင်း ၁၅၁ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကမ္ဘောဇဘဏ် SME ချေးငွေဌာနမှ ကိုယ်စားလှယ်က SME ချေးငွေလုပ်ငန်းရှင်များနှင့် ဆက်စပ်သည့် KBZ Bank Product များအကြောင်းနှင့်

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး၊ ဦးထွန်းနိုင်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Digital e-Commerce Platform အကြောင်း မိတ်ဆက်တင်ပြခဲ့သည်။ တက်ရောက်လာသူများက သိရှိလိုသည်များ အားမေးမြန်း၍ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ ထိန်လင်းက နိဂုံးချုပ်အမှာစကားပြောကြား၍ ညနေ ၁၆:၀၀ နာရီအချိန်တွင် ဆွေးနွေးပွဲအခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://myantrade.gov.mm/

## မြေပဲဆန်ဈေးမြင့်တက်လာရာ တစ်ပိဿာ ငွေကျပ် ၁၀,၀၀၀ နီးပါးထိ ပေါက်ဈေးဖြစ်လာ



မန္တလေးဈေးကွက်တွင် လက်ကျန်နည်းလာသည့် မြေပဲဆန်ဈေးမြင့်တက်လာရာ တစ်ပိဿာ ကျပ် ၉၈၀၀ ထိ ပေါက်ဈေးဖြစ်လာကြောင်း ကုန်သည်များထံက သိရသည်။

ပြည်တွင်းသို့ စားအုန်းဆီတင်သွင်းမှု လျှော့ချထားတာကြောင့် မြေပဲဆီသုံးစွဲမှု မြင့်မားလာသလို ဈေးကွက်အတွင်း မြေပဲလက်ကျန်နည်းလာတာကြောင့်လည်း တဖြည်းဖြည်း ဈေးမြင့်တက်နေသည့် မြေပဲဆန်မှာ ဩဂုတ်လဆန်းပိုင်းတွင် တစ်ပိဿာ ကျပ် ၉၈၀၀ ထိ ပေါက်ဈေးဖြစ်လာသလို ဆက်လက် ဈေးမြင့်တက်နိုင်ကြောင်း ပဲကုန်သည်တစ်ဦးက သုံးသပ်ထားသည်။

"ပြည်တွင်းဆီစက်ပိုင်များ ဆီကြိတ်အားကောင်းနေတာနဲ့ လက်ကျန်မြေပဲကလည်းနည်းနေတော့ မြေပဲဆန်ဈေးက တစ်ပိဿာ ကျပ် ၉၈၀၀ ထိ မြင့်တက်လာပါတယ်။ အသစ်ဝင် မြေပဲဆန်တွေကလည်း အဝင်မရှိသေးလို လာရင်လည်း မြေပဲအစိုတွေသာ ဝင်ရောက်လာမှာမို့ လက်ကျန်မြေပဲဆန်က ဈေးကောင်းရ အဝယ်ကောင်းနေတာပါ။ မြေပဲဆီဈေးကလည်း တစ်ပိဿာ ကျပ် ၁၈,၅၀၀ ဈေးထိမြင့်လာသလို ပဲဖတ်တစ်ပိဿာ ကျပ် ၄၇၀၀-၄၈၀၀ ထိ ပေါက်ဈေးဖြစ်လာတော့ ဆီစက်ပိုင်တွေ စက်လည်အား ကောင်းနေပါတယ် "ဟု ၎င်းကပြောသည်။

ဩဂုတ်လဆန်းပိုင်းတွင် ပြည်တွင်းစားအုန်းဆီရည်ညွှန်းဈေး မြင့်တက်လာသလို မြေပဲဆီ လက်ကားဈေးမှာလည်း တစ်ပိဿာ ကျပ် ၁၈,၅၀၀ ပေါက်ဈေးရှိကာ လက်လီဈေးကွက်မှာ တစ်ပိဿာ ကျပ်၂၀,၀၀၀ ကျော်ထိ ပေါက်ဈေးရှိပြီး ဝယ်လိုအားကောင်းနေခြင်းဖြစ်သည်။ "မြေပဲဆန်ကို အရင်က ပို့ကုန်တင်ပို့မှုကောင်းမှသာ ဈေးကောင်းရ ဈေးမြင့်တက်တာမျိုး ရှိတာပါ။ လက်ရှိမှာက ဈေးကွက်ထဲမှာ စားဆီလိုသလောက် ဝယ်မရတာနဲ့ ဈေးနှုန်းက သိပ်မကွာတော့ မြေပဲဆီက ဝယ်လိုအား ကောင်းလာတာပါ။ ဒီတော့ ပြည်တွင်းဆီစက်ပိုင်တွေ မြေပဲအဝယ်ကောင်းနေတော့ ဈေးကမြင့်တက်လာပါတယ်" ဟု ဆီစက်ပိုင် တစ်ဦးကပြောသည်။

မန္တလေးဈေးကွက်တွင် ဩဂုတ် ၈ ရက်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၉၂၀၀-၉၅၀၀၊ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၉၀၀၀-၉၅၀၀၊ အနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၉၀၀၀-၉၅၀၀၊ ပြန့်လုံးဆန် တစ် ပိဿာလျှင် ကျပ် ၉၂၀၀-၉၅၀၀၊ ပဲဆီတစ်ပိဿာလျှင် ကျပ် ၁၈,၅၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ကျပ် ၅၀၀၀-၅၁၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၅-၈-၂၀၂၄ မှ ၉-၈-၂၀၂၄) ရက်အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၃၂၄,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၇၂၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၃၂၅,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၁၆၇,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂၀၁,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၂၇၅,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) နှင့် ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၀ လုံး (တန်ချိန် ၁၉၂၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၄၅၀၀၊ မြားနီ ကျပ် ၄၀၀၀၊ ပန်းတနော်ရှည် ကျပ် ၃၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၀၅၀ (၂၁,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၅၀ (၁,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ပြီး ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၆၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၆၄၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၄၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၇၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၉၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၇၅၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒုံး) ကျပ် ၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၁၅၀ အသီးသီး ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၅-၈-၂၀၂၄ မှ ၉-၈-၂၀၂၄) ရက်အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀၀၊ မုံရွာသစ်ရှယ် ကျပ် ၂၂၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၉၅၀၊ မုံရွာလတ်သန့် ကျပ် ၁၈၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၄၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မုံရွာသစ်ရှယ် ကျပ် ၁၅၀၊ မုံရွာလတ်ကြီး ကျပ် ၁၅၀၊ မုံရွာလတ်သန့် ကျပ် ၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၀ စီး (၆၀၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၁ စီး (၆၀၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၅,၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀၀၀၀၊

အောင်ပန်းထူး-၄ ကျပ် ၁၀,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၁,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၅၀၀ (၁၃၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၅၉၀၀ (၁၇၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက် ကြက်သွန်ဖြူ အိတ် ၁၄၀၀ (၄၂,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။
Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## လာနီနာ(La Nina)ကြောင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း(Indonesian Palm Oil Association)က သတင်းထုတ်ပြန်ထား

Meteorology, Climatology, and Geophysics Board က ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင် လာနီနာ(La Nina)ဖြစ်ပေါ်နိုင်ကြောင်း တင်ပြခဲ့ရာ ဆီအုန်းလုပ်ငန်းများအတွက် ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ်လာနိုင်သည်ဟု အင်ဒိုနီးရှားစားအုန်းဆီအသင်း(Indonesian Palm Oil Association) က သတင်းထုတ်ပြန်ခဲ့သည်။

La Nina သည် ၃ နှစ်မှ ၅ နှစ်တစ်ကြိမ်ဖြစ်ပေါ်လေ့ရှိပြီး ၂ နှစ်ဆက်တိုက်လည်း ဖြစ်ပေါ်လေ့ရှိကြောင်း၊ La Nina ဖြစ်စဉ်မှာ အီကွေတာ-ပစိဖိတ်အရှေ့အလယ်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိ သမုဒ္ဒရာမျက်နှာပြင်အပူချိန် ကျဆင်းသည့်ဖြစ်စဉ်ဖြစ်ပြီး အဆိုပါဖြစ်စဉ်အတွင်း အင်ဒိုနီးရှားနိုင်ငံမှ တောင်အမေရိက အနောက်ကမ်းရိုးတန်းအထိ ဒေသများတွင် ပိုမိုမိုးကြီးနိုင်ကြောင်း ဖော်ပြထားသည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်းဥက္ကဋ္ဌ Eddy Martono က La Nina ကြောင့် ဆီအုန်းခူးဆွတ်ခြင်း၊ ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းအခိုင်များ သယ်ယူပို့ဆောင်ခြင်းတို့တွင် ထိခိုက်မှုများရှိနိုင်ကြောင်း၊ အခြေအနေပိုမိုဆိုးရွားပါက စိုက်ခင်းများ ရေမြုပ်နိုင်ပြီး ထုတ်လုပ်မှုကျဆင်းနိုင်ကြောင်း၊ La Nina ကြောင့် ကမ္ဘာ့ဈေးကွက်တွင် စားအုန်းဆီကြမ်း(Crude Palm Oil–CPO)ဈေးနှုန်းမြင့်တက်မှု မရှိနိုင်သော်လည်း ဈေးကွက်သို့ စားအုန်းဆီတင်ပို့မှု လျော့ကျပါက ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း၊ La Nina သည် အင်ဒိုနီးရှားနိုင်ငံအပေါ် သက်ရောက်မှုရှိပါက ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် ဆိုးကျိုးဖြစ်ပေါ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Palm Oil Agribusiness Strategic Policy Institute ၏ အမှုဆောင်ဒါရိုက်တာ Tungkot Sipayung က ပြင်းထန်သည့် La Nina ကြောင့် စိုက်ခင်းများရေမြုပ်ခြင်း၊ ဆီအုန်းခူးဆွတ်ခြင်း၊ ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းအခိုင်များ သယ်ယူပို့ဆောင်ခြင်းတို့ကို ထိခိုက်မည်ဖြစ်ကြောင်း၊ La Nina နှင့် El Nino တို့၏ သက်ရောက်မှုကို လျှော့ချရန် ကာလတို၊ ကာလလတ်ကြိုတင်ပြင်ဆင်မှုများနှင့် El Nino ကာလအတွင်း ရေအသုံးပြုနိုင်ရန် ရေကန်များကြိုတင်ပြင်ဆင်ခြင်း စသည့်ရေစီမံခန့်ခွဲမှု တိုးတက်စေရေးဆောင်ရွက်သင့်ကြောင်း၊ ဝတ်မှုန်ကူးကာလဖြစ်သည့် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း La Nina ဖြစ်စဉ်သည် အလယ်အလတ်ဖြစ်ပွားပါက ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Indonesian Smallholders Association ဥက္ကဋ္ဌ Gulat Manurung က La Nina သည် ၁ လမှ ၃ လအတွင်း ဖြစ်ပေါ်မည်ဖြစ်သည့်အတွက် ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းအခိုင်များ သယ်ယူပို့ဆောင်ခြင်းအပေါ် သက်ရောက်မှုမရှိနိုင်ကြောင်း၊ ရေကြီးခြင်း၊ လမ်းများပျက်စီးခြင်းစသည်တို့ကြောင့် ဆီအုန်းခူးဆွတ်ခြင်းအပေါ်သာ သက်ရောက်နိုင်ကြောင်း၊ စိုက်ပျိုးသူများအနေဖြင့် ရာသီဥတုပြောင်းလဲမှု အသစ်များနှင့်ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားသင့်ကြောင်း ပြောကြားခဲ့သည်။

**ရင်းမြစ်။ အင်ဒိုနီးရှားစားအုန်းဆီအသင်း (Indonesian Palm Oil Association)**
**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

https://myantrade.gov.mm/

## နိုင်ငံခြားသားခရီးသွားဧည့်သည်လာရောက်မှုများပြားလာသည်နှင့်အမျှ ဂျပန်ဟိုတယ်လုပ်ငန်းများ အနေဖြင့် နိုင်ငံခြားသားဝန်ထမ်းများကို ပိုမိုခန့်ထားရန် ဆောင်ရွက်လျက်ရှိ

နိုင်ငံခြားသားခရီးသွားဧည့်သည် လာရောက်မှုများပြားလာခြင်းကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်အားကောင်းလာပြီး တည်းခိုနေထိုင်သူများ များပြားလာသည်နှင့်အမျှ ဂျပန်ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် လာမည့်နှစ်များအတွင်း နိုင်ငံခြားသားဝန်ထမ်းများ အများအပြားခန့်ထားရန် စီစဉ်လျက်ရှိသည်။

အဆိုပါသတင်းတွင် Tokyu Resorts and Stays အနေဖြင့် လက်ရှိတွင် နိုင်ငံခြားသားဝန်ထမ်း ၁၂၀ ဦး ခန့်ထားလျက်ရှိရာမှ ၂၀၃၃ ခုနှစ်တွင် ၅၈၀ ဦးအထိ တိုးမြှင့်ခန့်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကုမ္ပဏီ၏စုစုပေါင်းဝန်ထမ်းဦးရေ၏ ၆ ရာခိုင်နှုန်းမှာ နိုင်ငံခြားသားဝန်ထမ်းများဖြစ်ပြီး၊ နိုင်ငံခြားသား ဝန်ထမ်းဦးရေကို ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ခန့်ထားသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် အပန်းဖြေစခန်းနှင့် ဟိုတယ်အသစ်များ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ရာ ဂျပန်နိုင်ငံမှဘွဲ့ရဝန်ထမ်းများကိုသာ ခန့်ထားမည်ဆိုပါက ဝန်ထမ်းလုံလောက်မှုမရှိသည့်အတွက် နိုင်ငံခြားသားဝန်ထမ်းများကို ခန့်ထားရန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါနိုင်ငံခြားသားဝန်ထမ်းများ ခန့်ထားနိုင်ရေးကို ဂျပန်အစိုးရ၏ ကျွမ်းကျင်လုပ်သားခေါ်ယူရေး အစီအစဉ် (Specified Skilled Worker Program) အောက်မှ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ Tokyu Resorts and Stays အနေဖြင့် ယခင်ကလည်း အဆိုပါအစီအစဉ်အောက်မှ ဖိလစ်ပိုင်နှင့်မြန်မာနိုင်ငံမှ ကျွမ်းကျင်လုပ်သားများ ခေါ်ယူခဲ့ကြောင်း၊ အင်ဒိုနီးရှားနှင့်နီပေါနိုင်ငံတို့ကဲ့သို့သော အခြားနိုင်ငံများမှလည်း ခေါ်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသစ်ခေါ်ယူမည့် နိုင်ငံခြားသားဝန်ထမ်းများကို ကုမ္ပဏီ၏စားသောက်ဆိုင်များတွင် စားဖိုမှူးများနှင့်စားပွဲထိုးများအဖြစ် ခန့်ထားသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားဝန်ထမ်းများကို ထိန်းသိမ်းထားနိုင်ရေးအတွက် Tokyu Resorts အနေဖြင့် နာဂနိုပြည်နယ်ရှိ အပန်းဖြေစခန်းတွင် လက်တွေ့ လုပ်ငန်းခွင်ဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများကို မွမ်းမံပြုပြင်လျက်ရှိကြောင်းနှင့် အားလပ်ချိန်တွင် အသုံးပြုနိုင်ရန်အတွက် အင်တာနက်လည်း တပ်ဆင်ပေးထားကြောင်း ဖော်ပြထားသည်။

ထို့ပြင် Seibu Prince Hotels Worldwide ကုမ္ပဏီအနေဖြင့်လည်း ၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားသားဝန်ထမ်း ၂၀ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အချိန်ပြည့်ရာထူးများအတွက် အလုပ်သင်ဝန်ထမ်းများ ခေါ်ယူနိုင်ရေးလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လစဉ်နေထိုင်စရိတ် ယန်း ၂၀,၀၀၀ အပါအဝင် အကျိုးခံစားခွင့်အများအပြားပေးအပ်သွားမည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် ၂ ကြိမ်နေရပ်သို့ ပြန်နိုင်ရေးအတွက်လည်း ခရီးသွားလာစရိတ်အဖြစ် ယန်း ၁၀၀,၀၀၀ အထိထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားသားဝန်ထမ်းများအား ဂျပန်နိုင်ငံ၏ယဉ်ကျေးမှုကို သိရှိနားလည်လာစေရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် Iwate ပြည်နယ်ရှိ Shizukuishi Prince Hotel ၏ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းတွင် ဒေသထွက်ခေါက်ဆွဲဖြစ်သည့် Wanko Soba ပြုလုပ်မှုကို လေ့လာခြင်းနှင့် ဒေသတွင်း၌ ခရီးသွားလာမှုများပြားသည့် နေရာဒေသများသို့ သွားရောက်လည်ပတ်သည့်အစီအစဉ်များ ထည့်သွင်းထားကြောင်း၊ ဟိုတယ်ဝန်ထမ်းများအနေဖြင့် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များအား ဟိုတယ်ဝန်ဆောင်မှုများ ပေးအပ်ခြင်းအပြင် ဒေသတွင်းရှိ ယဉ်ကျေးမှုနှင့် သွားရောက်လည်ပတ်နိုင်သည့် နေရာဒေသများကိုပါ လမ်းညွှန်နိုင်ရန် ရည်ရွယ်၍ သင်တန်းပို့ချရာတွင် ထည့်သွင်းထားခြင်းဖြစ်ကြောင်း Shizukuishi Prince Hotel ၏ ကိုယ်စားလှယ်ဖြစ်သူက ပြောကြားထားကြောင်း ဖော်ပြထားသည်။

ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Fujita Kanko အနေဖြင့် ၂၀၂၈ ခုနှစ်တွင် နိုင်ငံခြားသားဝန်ထမ်းအရေအတွက်ကို ဟိုတယ်၏ စုစုပေါင်းဝန်ထမ်းအရေအတွက်၏ ၁၀ ရာခိုင်နှုန်းရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Fujita Kanko အနေဖြင့် ၂၀၂၄ ခုနှစ်၊ မေလမှစတင်၍ အလုပ်အကိုင်ဗီဇာသက်တမ်းတိုးသည့် ဝန်ထမ်းများအတွက်လည်း ထောက်ပံ့ကြေးအဖြစ် ယန်း ၄၀၀၀ ပေးအပ်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းကဏ္ဍတွင် ဝန်ထမ်းများ အလွန်အမင်းပြတ်လပ်မှုနှင့် ကြုံတွေ့ရလျက်ရှိသော်လည်း၊ ဂျပန်အစိုးရမှ ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ဝန်ထမ်းဦးရေ ၃၀,၀၀၀ များပြားခဲ့ပြီး၊ စုစုပေါင်း

၄ သန်းအထိရှိခဲ့သည်ဟု ထုတ်ပြန်ထားကြောင်း၊ သို့သော် ကိုဗစ်-၁၉ မဖြစ်ပွားမီကာလက ရှိခဲ့သည့် ဝန်ထမ်းဦးရေ ၄ ဒသမ ၂၁ သန်းထက် လျော့နည်းနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ ဂျပန်နိုင်ငံသို့ ခရီးသွားဧည့်သည်လာရောက်မှုမှာ ၂၀၂၄ ခုနှစ်တွင် ၃၈ ရာခိုင်နှုန်းတိုးတက်ကာ ၃၄ ဒသမ ၅ သန်းအထိရှိနိုင်ကြောင်းလည်း အိမ်ခြံမြေဆောက်သူ Mori Trust က ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

အချို့သော နိုင်ငံခြားသားဝန်ထမ်းများအနေဖြင့် ဟိုတယ်လုပ်ငန်းကဏ္ဍသို့ ဝင်ရောက်ရန်အတွက် စာမေးပွဲဖြေဆိုရာ၌ လိုအပ်သည့်အရည်အချင်းများ ပြည့်မီရန်အတွက် စိန်ခေါ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဂျပန်အစိုးရအနေဖြင့် Specified Skilled Worker Program အောက်ရှိ ဟိုတယ်ဝန်ထမ်းများအတွက် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်သင့်ကြောင်း Japan Travel and Tourism Association က ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အကြံပြုတင်ပြခဲ့ကြောင်း ဖော်ပြထားသည်။

ဟိုတယ်နှင့်စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် လစဉ်ပျမ်းမျှလုပ်ခလစာမှာ ၂၀၂၃ ခုနှစ်တွင် ၂၅၉,၀၀၀ ယန်းရှိခဲ့ပြီး၊ လုပ်ငန်းကဏ္ဍအားလုံးတွင် လစာအနည်းဆုံးဖြစ်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရကြောင်း ဖော်ပြထားသည်။ The Japan Federation of Service and Tourism Industries Workers' Unions အနေဖြင့် အသက် ၃၅ နှစ်အရွယ်ရှိ ဝန်ထမ်းတစ်ဦး၏ နှစ်စဉ်ပျမ်းမျှလစာကို ၅ ဒသမ ၅ သန်းရှိစေရေး ကာလလတ်ရည်မှန်းချက်အနေဖြင့် ချမှတ်ထားသော်လည်း အဆိုပါရည်မှန်းချက်ကို ပြည့်မီနိုင်ရေး အလှမ်းကွာဝေးလျက်ရှိဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

**(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

**Source: The Nikkei Asia**

https://myantrade.gov.mm/

## STOCK EXCHANGE (12.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,012 (Shares) | 25,741,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,900 | 9,000 | 8,900 | 289 | 2,595,100 | 33,109,694 | 297,987 |
| MTSH | 00002 | 3,300 | -150 | -4.35% | 3,450 | 3,450 | 3,300 | 1,171 | 3,980,550 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 5 | 42,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | -50 | -2.78% | 1,750 | 1,800 | 1,750 | 8,060 | 14,420,000 | 29,664,613 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 21 | 58,800 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 166 | 288,250 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,500 | 4,600 | 4,500 | 22 | 101,100 | 10,497,598 | 48,289 |
| MAEX | 00008 | 3,300 | -100 | -2.94% | 3,350 | 3,350 | 3,300 | 1,278 | 4,255,300 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 9th Aug. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 404.23 | -5.12 | -1.25% | 406.18 | 407.53 | 403.48 | 11,012 | 25,741,100 | 8 | 762,445 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:00 pm, 12th Aug, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,226 (Shares) | 42,168,750 (MMK) |

| MYANPIX | 407.95 |
|---|---|
| | ▲ 3.72 |
| Total Volume (shares) | 12,226 |
| Total Value (MMK) | 42 mil |
| Listed Company | 8 |
| Market Cap. (MMK) | 769,461 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |

TIR